
# ACC Against COVID-19




အစီအစဉ် (၇၇)

# “တာဝန်သိသိ ခရီးဆက်မယ်”

တင်ပြသူ
သိုက်စိုးထွန်း(နတ်ရွာ)

“ရန်ကုန်ကနေ ရွာပြန်လာချင်တာ၊ လက်ခံမှာလား” လို့ မေးကြပါတယ်။ အတော်ကို အဖြေရခက်တဲ့ မေးခွန်းပါပဲ။ Stay at Home ကြေညာထားကတည်းကိုက ခိုင်လုံတဲ့ အကြောင်းပြချက်မရှိရင် အိမ်ထဲမှာပဲနေပါလို့ ဆိုလိုတဲ့ သဘောပါ။ ဒါကို အိမ်အပြင်ထွက်ရုံမက မြို့နယ်တွေ၊ တိုင်းဒေသကြီးတွေရဲ့နယ်နိမိတ်ကို ကျော်လွန်ပြီးဘာကြောင့် များ ပြန်လာချင်ရတာလဲ။ အစက ဒီလိုတွေးခဲ့ မိတာပေါ့။





“ညီမတို့ စက်ရုံက ပိတ်ထားတာကြာပြီလေ၊ လခကလည်းမရတော့ဘူး။ ဒီမှာ ဘယ်လိုမှ နေလို့မရတော့လို့ပါ၊ အမေကလည်း ပြန်ခဲ့တော့လို့ ခဏခဏလှမ်းခေါ်နေပြီ၊ ဘယ်လိုလုပ်ရမလဲ ပြောပါဦးရှင့်” ဆိုတာမျိုး။ ဟူးခနဲလေပူတွေကို ထုတ်နေခဲ့မိတာက အကြိမ်ကြိမ်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိတော့။






အခြေအနေတွေကို နားလည်သလောက်ရှင်းပြတယ်။ “ဒီအချိန်မှာ ဒီလိုလုပ်လို့မရသေးဘူး။ ခဏတော့ တောင့်ခံထားဦး။ Stay at Home ဒေသကပြန်လာတယ်ဆိုတာ ပြန်လာသူအတွက်ရော၊ လက်ခံရတဲ့ ဇာတိရပ်ရွာ အတွက်ရော ရောဂါကူးစက်နိုင်ခြေအလွန်များတယ်။ Community Based Facility Quarantine Center အတွက် အဓိကသုံးနေရတဲ့ အခြေခံပညာကျောင်းတွေက လည်း မဲရုံအဖြစ် သုံးရတော့မှာ ဒါ့ကြောင့် ရွေးကောက်ပွဲပြီးမှ ပြန်လာရင်ပိုမကောင်းဘူး လား”လို့ ပြောဖြစ်တာမျိုးလည်းရှိတယ်။ “အဲ့ဒီ ရွေးကောက်ပွဲကြောင့်ပဲ ပြန်လာချင်တာလေ၊ ကိုယ်တိုင်ကိုယ်ကျ မဲပေးချင်လို့”ဆိုတော့ အဖြေ ရခက်သွားပြန်ရော။





ရွေးကောက်ပွဲမှာ မဲပေးချင်တဲ့ဆန္ဒက တကယ်ကိုမွန်မြတ်တဲ့ဆန္ဒပါ။ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးရွေးချယ်နိုင်ခွင့်က ကိုယ့်အခွင့်အရေး။ ရွေးကောက် တင်မြှောက်ပိုင်ခွင့် ကိုကျင့်သုံးချင်တာက မှန်ပါတယ်။ ဒါပေမဲ့ ဇာတိမြေကို ပြန်မလာဘဲ ရောက်ရာအရပ်ကနေ ပုံစံ-၁၅ နဲ့ လျှောက်ပြီး ဇာတိမြေကကိုယ်စားလှယ်လောင်းအတွက် မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်မဲပေးနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ ရွေးကောက်ပွဲက နီးလာလေလေ၊ မဲပေးချင်စိတ်တွေက တဖွားဖွားဖြစ်လာလေလေ။ မဲပေးဖို့ရွာအရောက် ပြန်လာချင်တယ်ဆိုတဲ့ အကြောင်းပြချက်ကလည်း ဇာတိမြေကိုအပြေးပြန်လာချင်ရတဲ့ အကြောင်းရင်းတွေထဲက တစ်ခုဖြစ်မှာပေါ့။






ဘယ်လိုပဲဖြစ်ဖြစ် ဇာတိရပ်ရွာကိုအပြေးတစ်ပိုင်း
နဲ့ပြန်လာသူတွေကတော့ တစ်ဖြည်းဖြည်း များလာနေပါပြီ။
ဘယ်လိုလုပ်ကြမလဲ၊ ဥပဒေဆိုင်ရာ ရှုထောင့်ကစဉ်းစားရ
တာတွေရှိသလို စာနာထောက်ထားမှုကိုယ်ချင်းစာတရားဆိုင်ရာ
ရှုထောင့်ကိုလည်း မျက်ကွယ်ပြုလို့မရပြန်ပါဘူး။
အကြောင်းကြောင်းကြောင့် Stay at Home ဒေသကနေ ဇာတိမြေကို
ပြန်လာကြတယ်။ ဒီအတိုင်းပစ်ပစ်ခါခါကြီးတုံ့ပြန်လိုက်လို့
ဘယ်ဖြစ်ပါ့မလဲ။ ရောဂါပိုးပါလာမလာ စစ်ဆေးရမယ်၊
သတ်မှတ်နေရာတွေမှာ အသွားအလာကန့်သတ်ထားနိုင်အောင်
စီစဉ်ရမယ်။ Quarantine ထားတာကိုလည်း ထောင့်စေ့အောင်၊
မဲရုံကိစ္စလည်းအဆင်ပြေအောင် စီမံကြရမှာပါပဲ။



အဓိကပြောချင်တာကတော့
အကြောင်းကြောင်းတွေကြောင့် Stay at Home
ဒေသက ပြန်လာသူတွေအနေနဲ့
ကိုယ့်ကျန်းမာရေးနှင့်
ကိုယ့်ပတ်ဝန်းကျင်ရဲ့ကျန်းမာရေးကို အထူး
ဂရုစိုက်ကြဖို့ပါ။ ကပ်ရောဂါထိန်းချုပ်ရေးဆိုတာ
တစ်ဦးကောင်းတစ်ယောက်ကောင်း၊
တစ်စုတစ်ဖွဲ့ကောင်းနဲ့
လုပ်လို့ရတာမျိုးမဟုတ်ပါဘူး။ အားလုံးအားလုံးက
တာဝန်သိနေမှဖြစ်မှာပါ။



ရန်ကုန်ပြန်တွေကို Swab ယူပြီး ခွတ်ခွဲစစ်ဆေးလိုက်ပြီဆိုတာနဲ့ အတော်များများက ပိုးတွေ့တာပါပဲ။ ပိုးတွေ့တာက ပြဿနာမရှိသေးပါဘူး။ ဒါ သဘာဝကျတဲ့ ပိုးတွေ့မှုပါ။ ကိုယ့်မှာ ပိုးတွေ့ရုံသာမဟုတ်ဘဲ ကိုယ့်မိသားစုတွေ၊ ကိုယ့်အပေါင်းအသင်းမိတ်ဆွေတွေဆီအထိ ကူးစက်ပျံ့နှံ့သွားပြီ၊ ဒေသတွင်း ကူးစက်မှု ဖြစ်သွားပြီဆိုရင်တော့ အခြေအနေဆိုးပါပြီ။ ဒီအခြေအနေအထိ ရောက်မလာဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။





ရန်ကုန်ကပြန်လာတယ်ဆိုတာ ရှောင်ရင်းတိမ်းရင်း ကွင်းရင်းပတ်ရင်း ခိုးကြောင်ခိုးဝှက် ပြန်ခဲ့ကြရတာပါ။ ခရီးသည်တင်ကားမရှိဘူး၊ ပေါ်ပေါ်ထင်ထင် တင်ပြီး မောင်းတဲ့ကားမရှိဘူး။ တွေ့ရာကြုံရာ Taxi တွေကို မတန်တဆဈေးကြီးပေးပြီး ငှားခဲ့ကြရတာမျိုးပါ။ ပြန်လာတော့လည်း ဟိုရှောင်ဒီကွင်းနဲ့ပေ့ါ။ Express ကြီးတွေနဲ့ ပြန်လာတဲ့အချိန်တုန်းက နှစ်ခုံမှ တစ်ယောက်နှုန်း လောက်တင်တာမို့ ကူးစက်နိုင်ချေ နည်းပါတယ်။ Taxi လေးတွေနဲ့ကျတော့ ဆံ့သလောက်တင်တာမို့ တစ်ယောက်နဲ့ တစ်ယောက် ကူးနိုင်ချေများပါတယ်။ ယာဉ်မောင်းတွေလည်း မလွတ်ပါဘူး။ “ဟိုတစ်နေ့က ခင်ဗျားလိုက်ပို့လိုက်တဲ့ ဘယ်သူဘယ်ဝါတော့ပိုးတွေ့နေပြီ၊ ခင်ဗျားလည်း နီးစပ်ရာမှာ အမြန်ဆုံး Quarantine ဝင်ပြီး အစစ်ဆေးခံပေတော့” ဆိုပြီး ဖုန်းလှမ်းဆက်ရတာတွေ ရှိပါတယ်။



အကြံပြုချင်တာကတော့ မတတ်သာလို့ပြန်ခဲ့ပြီဆိုရင် Mask တွေ၊ Face Shield တွေ၊ လက်အိပ်တွေ အပြည့်အစုံဆင်မြန်းပြီးမှ ပြန်ခဲ့ကြဖို့ပါ။ လမ်းခရီးတစ်လျှောက်မှာ စစ်ဆေးရေး ဂိတ်တွေရှိတယ်။ ဒီဂိတ်တွေမှာ ခရီးသွား ရာဇဝင်ကို အမှန်အတိုင်း ဖြေကြဖို့လိုပါတယ်။ အမှန်အတိုင်းဖြေမှ လိုအပ်တာတွေကို ဆောင်ရွက်ပေးနိုင်မှာပါ။ ဟိုနားဒီနား ကလာသလိုလိုဖြေရင် နှစ်ဦးနှစ်ဘက် အန္တရာယ်များပါတယ်။



ပြန်ရောက်ပြီဆိုရင်လည်း သတ်မှတ်နေရာမှာ သတ်မှတ်ရက်ပြည့်အောင် စည်းကမ်းတကျ နေရမှာပါ။ တစ်ချို့ကရှိတယ်။ “ငါ့လူကြီးနဲ့မတွေ့ရတာကြာပြီကွာ”ဆိုပြီး Quarantine ဝင်နေသူဆီ ပြေးပြီး အုတ်တံတိုင်းဘေး မေးတင်ပြီးစကားတွေဖောင်ဖွဲ့ကြတာပါ။ “ငါ့ရည်းစား သူ့အိမ် မရောက်ခင် ခိုးတွေ့ဦးမှပဲ”ဆိုပြီး တွေ့တဲ့အပေါက်ကလွှားခနဲကျော်ဝင်ပြီး ချိန်းတွေ့ကြလို့ ဥပဒေနဲ့အညီ တရားစွဲအရေးယူကြရတာတွေလည်း ရှိပါတယ်။ ချစ်တာခင်တာတွေ နောက်မှ ပြကြရမှာပါ။ လောလောဆယ်တော့ လက်တွေ့ဘဝမှာခပ်ခွာခွာနေကြရဦးမှာပါ။







Quarantine စည်းကမ်းတွေထဲမှာ
သောက်စားမူးယစ်တာတွေမလုပ်ဖို့လည်း ပါပါတယ်။
“နဂိုကတည်းကစွဲလာတာ၊ အခုမှတော့ မဖြတ်နိုင်တော့ဘူး”ဆိုပြီး
အပြင်ကလူနဲ့ အချိတ်အဆက်တွေလုပ်၊ ရေသန့်ဗူးတဲ့အရက်ထည့်ပြီး
ပို့လို့ပို့နဲ့ စည်းကမ်းထိန်းသိမ်းရသူတွေမှာ အခက်ကြုံရပါတယ်။
တစ်ချို့ကလည်း ပုံမှန်ထမင်းဟင်းပို့တာကို
စတီးချိုင့်လိုဟာမျိုးနဲ့သယ်လာ၊ ဟိုထဲကိုပို့၊ စားပြီးတော့
ချိုင့်အလွတ်ကိုပြန်ယူ၊ နောက်တစ်ရက်ပြန်ပို့နဲ့ ရောဂါပိုးကို
ကူသယ်ခေါက်သယ် သယ်မိလျက်သားဖြစ်နေကြပြန်ပါတယ်။


တစ်ချို့ကျတော့လည်း အလုပ်လုပ်ရာကပြန်အလာ ပိုက်ဆံတွေပါလို့ဆိုပြီး Quarantine မဝင်ခင် အိမ်ကလူတွေ ခေါ်ပြီးပေးလိုက်မိရော။ သတ်မှတ်ရက်မပြည့်ခင် အထုပ်အထည်တွေ ပေးတာကလည်း ကိုယ်မရောက်ခင်ဗိုင်းရပ်စ်ကို အိမ်အရင်လွှတ်နှင့်လိုက်တာနဲ့အတူတူပါပဲ။

ဒီအချိန်မှာ အရေးအကြီးဆုံးအရာက ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ကာကွယ်ရေးပါ။ ကိုယ့်ကိုယ်ကိုယ်ရောဂါမကူးအောင် နေထိုင်ဖို့ လူတိုင်းမှာ တာဝန်ရှိသလို ကိုယ်ကတစ်ဆင့် ထပ်မပျံ့အောင်လည်း တာဝန်ရှိပါတယ်။





Quarantine Center တွေ စည်းကမ်းတကျရှိဖို့အတွက် တာဝန်ရှိပုဂ္ဂိုလ်တွေမှာ တာဝန်ရှိတာ မှန်သလို နှစ်ပတ်လောက်သာနေရတဲ့သူတွေမှာလည်း ပိုပြီးတာဝန်ရှိပါတယ်။ ပြေးချင်လွှားချင် သွားချင်လာချင် ပြောချင်ဆိုချင် တွေ့ဆုံချင်စိတ်တွေကို ထိန်းထားကြရမှာပါ။ စည်းကမ်းတွေကို တိတိကျကျလိုက်နာကြရမှာပါ။ ဒီထဲကမထွက်မချင်း လျှော့လို့မရသေးပါဘူး။ “ပထမအကြိမ် စစ်တုန်းကပိုးမတွေ့လို့ အတူတူဝိုင်းဖွဲ့စားလိုက်ကြတာ၊ ဒုတိယအကြိမ်ကျတော့ ကူးကုန်ရော” ဆိုတာမျိုးတွေလည်းရှိပါတယ်။






အခုတော့ ရန်ကုန်က စက်ရုံ
အလုပ်ရုံတွေလည်းဖွင့်သင့်သလောက်တော့
ပြန်ဖွင့်ပေးနေပါပြီ။ အထိုက် အလျောက်တော့
အဆင်ပြေတော့မှာပါ။ ဒီကြားထဲက အကြောင်း
ကြောင်းတွေကြောင့် မလွှဲသာလို့ ပြန်ခဲ့ကြရ
တာမျိုးတွေလည်း ရှိတော့ရှိဦးမှာပါ။ ဘာပဲဖြစ်ဖြစ်
အရေးကြီးတာကတော့ တာဝန်သိသိနဲ့
သွားကြလာကြဖို့ပါ။ ကိုယ့်အတွက်၊ သူ့အတွက်၊
အားလုံးအတွက် တာဝန်သိသိ
ခရီးဆက်ကြမယ်နော်။



